# ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ
# United Nationalities Democracy Party

## ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်
## ဖွဲ့စည်းပုံစည်းမျဉ်း

၂၀၁၉ ခုနှစ်

မာတိကာ


နိဒါန်း

အခန်း(၁)
ဦးတည်ချက်၊ ရည်ရွယ်ချက်နှင့် အခြေခံမူများ

အခန်း (၂)
အမည်၊ အလံ၊ တံဆိပ်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်

အခန်း (၃)
ဖွဲ့စည်းပုံ

အခန်း(၄)
အစည်းအဝေးကျင်းပခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း

အခန်း(၅)
အဖွဲ့ဝင်ဖြစ်ခြင်းနှင့် စည်းကမ်းချက်များ

အခန်း(၆)
ဖွဲ့စည်းပုံစည်းမျဉ်းအားပြင်ဆင်ခြင်း

အခန်း(၇)
ဘဏ္ဍာရေးဆိုင်ရာ

အခန်း(၈)
အထွေထွေ

အခန်း(၉)
ပါတီ၏ လုပ်ငန်းစဉ်နှင့် ကဏ္ဍအလိုက်လုပ်ငန်းစဉ်များ

# ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ
# ဖွဲ့စည်းပုံစည်းမျဉ်း

## နိဒါန်း

၁၉၄၇ ခုနှစ်တွင် ရှမ်း၊ ကချင်၊ ချင်းနှင့် ဗမာပြည်မခေါင်းဆောင် တို့သည် လွတ်လပ်ရေးအတူတကွ ရယူရန် အတွက် ပင်လုံစာချုပ်ကို သဘောတူ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည်။ လွတ်လပ်ရေး ရရှိပြီး ယနေ့အထိ ပြည်ထောင်စုနိုင်ငံကို တည်ထောင်ရန် အစဉ်တစိုက် ကြိုးပမ်းခဲ့ကြသည်။ ပြည်ထောင်စုသားတိုင်းရင်းသားများ အားလုံးပိုင်ဆိုင်သည့် ပြည်ထောင်စုကြီးတည်ဆောက်ရေးကို နည်းလမ်းပေါင်းစုံဖြင့် ချဉ်းကပ်ခဲ့ကြသောကြောင့် ပြည်ထောင်စုအတွင်း ပြဿနာများစွာ ကြုံတွေ့ ခဲ့သည်။

ပြည်ထောင်စုအတွင်း နှစ်ပေါင်းရှည်ကြာစွာ အမြစ်တွယ်ဖြစ်တည်နေသော အရင်းခံပြဿနာများကို ဖြေရှင်းရန်အတွက်သော်လည်းကောင်း၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရန်အတွက်လည်း ကောင်း၊ ၁၉၄၇ ခုနှစ်တွင် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ချုပ်ဆိုခဲ့သော ပင်လုံစာချုပ်အပေါ် အခြေခံ၍ အကောင်အထည်ဖော်ဆောင်မှသာလျှင် အောင်မြင်နိုင်မည်ဟု ယုံကြည်သည့်အလျောက် ပြည်ထောင်စုသား တိုင်းရင်းသားအပေါင်းတို့သည် ပြည်ထောင်စုအကျိုး သယ်ပိုးရန်အတွက် "ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ" ကို တည်ထောင်လိုက်သည်။

## အခန်း (၁)
## ဦးတည်ချက်နှင့်ရည်ရွယ်ချက်

၁။ ဦးတည်ချက်နှင့် ရည်ရွယ်ချက်

(က) ဖက်ဒရယ်ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုသားများအချင်းချင်းအကြား ရင်းနှီးချစ်ခင်စွာ ဆက်ဆံသွားရန်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုတွင် အခြေခံလူ့အခွင့်အရေးများကို အာမခံနိုင်မည့် တရားဥပဒေစိုးမိုးသော ဒီမိုကရေစီနိုင်ငံရေးစနစ် ပေါ်ပေါက်လာစေရန်နှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို စုပေါင်း ထူထောင်ရန်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော လူမျိုးများအားလုံးအကြားတွင် ချစ်ကြည် ရင်းနှီးခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း စသည့် ဒီမိုကရေစီအခြေခံ သဘောတရားများ ထာဝရ ရှင်သန် ထွန်းကားနေစေရန်။

(ဃ) တိုင်းရင်းသားအားလုံး၏ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ စာပေယဉ်ကျေးမှုနှင့် အခြားကဏ္ဍ အသီးသီး တွင်လည်း တိုးတက် ဖွံ့ဖြိုးအောင် ဆောင်ရွက်သွားရန်။

(င) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော လူမျိုးစုများအချင်းချင်း လေးစားမှု၊ ယုံကြည်မှု နှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် ဆောင်ရွက်ပြီး ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေး အမှန်တကယ် ရရှိခံစားနိုင်အောင် ငြိမ်းချမ်းသော နည်းလမ်းများဖြင့် အစွမ်းကုန် ကြိုးပမ်း ဆောင်ရွက်ရန်။

(စ) ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် တိုးတက်ခေတ်မီပြီး လွတ်လပ်သည့် ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည် ဖော်ဆောင်ရွက်သွားရန်။

(ဆ) လွတ်လပ်သော နိုင်ငံခြားရေးမူဝါဒကို အခြေခံလျက် ကမ္ဘာ့မိသားစုဝင်နိုင်ငံများနှင့် ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ပြီး တန်းတူရည်တူ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားရန်။

## အခန်း (၂)
## အမည်၊ အလံ၊ တံဆိပ်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်

၂။ အမည်

မြန်မာဘာသာဖြင့် "**ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ**" ဟု ခေါ်တွင်မည်။ အင်္ဂလိပ်ဘာသာဖြင့် "**United Nationalities Democracy Party**" ဟု ခေါ်တွင်မည်။

၃။ အလံ ၊ တံဆိပ်၊ ဆိုင်းဘုတ် နှင့် တံဆိပ်တုံးများ

(က) အလံ

အလျား ၅ ပေ × အနံ ၃ ပေ ဖြစ်ပါသည်။ အလံ၏ နောက်ခံအရောင်မှာ အနီရောင်ဖြစ်သည်။ အလံ၏ အလယ်တွင် အနက်ရောင်စက်ဝိုင်းနှင့် ၄င်းစက်ဝိုင်းအတွင်းတွင် အဖြူရောင်ပုဆိန်နှစ်လက်ကို ကြက်ခြေခတ်ထားသည့် အမှတ်အသား ပါရှိသည်။ စက်ဝိုင်းပတ်ပတ်လည်တွင် ကြယ်ဖြူရှစ်လုံး ဝိုင်းရံထားသည်။



(ခ) အလံ၏ အဓိပ္ပာယ် ဖွင့်ဆိုချက်

(၁) နောက်ခံအနီရောင်သည် ရဲရင့်ခြင်းကို ကိုယ်စားပြုသောအရောင်ဖြစ်သည်။

(၂) အနက်ရောင်စက်ဝိုင်းသည် လေးနက်တည်ကြည်ခြင်းကို ကိုယ်စားပြုသည်။

(၂) အဖြူရောင်[illegible]ပုဆိန်နှစ်လက်သည် သန့်ရှင်းခြင်း၊ ဖြူစင်ခြင်းနှင့် အများပြည်သူတို့အား ကိုယ်စားပြုခြင်းတို့အပြင် ပြည်ထောင်စု၏ ဘေးရန်အန္တရာယ်အပေါင်းအား စုပေါင်းကာကွယ်မည့် သင်္ကေတဖြစ်သည်။

(၃) အဖြူရောင်ကြယ်ရှစ်လုံးသည် ပြည်ထောင်စုအတွင်း နေထိုင်သော တိုင်းရင်းသားလူမျိုးကြီး ရှစ်မျိုးအား ကိုယ်စားပြုသည်။

(ဂ) တံဆိပ်

အထိမ်းအမှတ်တံဆိပ်သည် အရွယ်အစားမှအပ ပါတီ၏အလံအတိုင်းဖြစ်သည်။ အောက်ခြေတွင် မြန်မာစာလုံးဖြင့် "ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ" ဟု အလျားလိုက် ပါရှိသည်။



(ဃ) ဆိုင်းဘုတ်

အလျား ၁၀ ပေ x အနံ ၆ ပေ (သို့မဟုတ်) အလျား ၅ ပေ x အနံ ၃ ပေ ရှိရမည်။ အောက်ခံအဖြူရောင် ဖြစ်သည်။ အထက်ဘက် အလယ်တည့်တည့်တွင် အချိုးကျ ပါတီအလံအသေး ပါရှိပြီး အောက်တွင် မြန်မာဘာသာဖြင့် "ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ" ဟူသော အနက်ရောင်စာလုံးနှင့် ၎င်းအောက်တွင် အင်္ဂလိပ်ဘာသာဖြင့် "UNITED NATIONALITIES DEMOCRACY PARTY" ဟူသော အနီရောင်စာလုံးတို့ ရေးသားထားသည်။ စာလုံးအားလုံး အလျားလိုက် အဖြောင့်ချည်း ဖြစ်ပါသည်။



ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ
UNITED NATIONALITIES DEMOCRACY PARTY

(င) တံဆိပ်တုံး

အဝိုင်းဖြစ်ပြီး အပေါ်ဘက်ခြမ်းတွင် မြန်မာဘာသာဖြင့် "ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ" ဟု ပါရှိပြီး အောက်ဘက်ခြမ်းတွင် အင်္ဂလိပ်ဘာသာ "UNDP" ဟူသောစာသားဖြင့် ဝိုင်းပတ် ထားသည်။ အဝိုင်း၏ အတွင်းစည်း အလယ်တည့်တည့်တွင် ကြက်ခြေခတ်ပုဆိန်နှစ်လက် ပါရှိပြီး ဌာနချုပ်၊ ဌာနခွဲနှင့် မြို့နယ်များသည် မိမိတို့၏ သက်ဆိုင်ရာ အမည်များကို ကြက်ခြေခတ်ပုဆိန် နှစ်လက်၏ အောက်ခြေတွင် ဖော်ပြထားပါသည်။




**အခန်း (၃)**

**ဖွဲ့စည်းပုံ**

၄။ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ ၏ဖွဲ့စည်းမှုမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) နိုင်ငံလုံးဆိုင်ရာညီလာခံ

(ခ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ

(ဂ) ဗဟိုကော်မတီ

(ဃ) တိုင်းဒေသကြီး အလုပ်အမှုဆောင်ကော်မတီ

(င) ပြည်နယ်ရေးရာ အလုပ်အမှုဆောင်ကော်မတီ

(စ) မြို့နယ် အလုပ်အမှုဆောင်ကော်မတီ

(ဆ) ရပ်ကွက်၊ ကျေးရွာအုပ်စု အလုပ်အမှုဆောင်ကော်မတီ

ပါတီ၏ဖွဲ့စည်းပုံအဆင့်ဆင့်တွင် အမျိုးသမီးနှင့် လူငယ်ပါဝင်မှု အနည်းဆုံး (၃၀) ရာခိုင်နှုန်းစီ ပြည့်မီအောင် ကြိုးစားဖွဲ့စည်းရမည်။ လူငယ်ဆိုသည်မှာ အသက် (၁၈) နှစ်နှင့် (၃၅) နှစ်ကြားကို ဆိုလိုသည်။

၅။ နိုင်ငံလုံးဆိုင်ရာညီလာခံ

(က) ပါတီ၏ နိုင်ငံလုံးဆိုင်ရာညီလာခံသည် အမြင့်ဆုံးအာဏာပိုင်အဖွဲ့ဖြစ်သည်။ ဤညီလာခံကို ဗဟိုကော်မတီက ခေါ်ယူရမည်။

(ခ) ညီလာခံကို (၃) နှစ်လျှင်တစ်ကြိမ် ကျင်းပရမည်။

(ဂ) ညီလာခံ ခေါ်ယူခြင်း၊ ကျင်းပခြင်းနှင့် ညီလာခံ၏ လုပ်ပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့် လုပ်ငန်းလမ်းညွှန်ကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက ရေးဆွဲ၍ ဗဟိုကော်မတီက အတည်ပြုရမည်။

၆။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ

(က) ဖွဲ့စည်းခြင်း

(၁) ဗဟိုကော်မတီအဖွဲ့ဝင်များက ယင်းတို့အထဲမှ ၂၇ ဦးအား ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးကောက်တင်မြှောက်ပေးရမည်။

(၂) ဗဟိုအလုပ်အမှုဆောင် ၂၇ ဦးသည် မိမိတို့ထဲမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ (၁)(၂)၊ အထွေထွေ အတွင်းရေးမှူး၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး (၁) (၂)၊ စာရင်းစစ်မှူး၊ သတင်းနှင့်ပြည်သူ့ ဆက်ဆံရေးမှူးနှင့် သုတေသနမှူး စသည်ဖြင့် အချင်းချင်း ရွေးကောက်တင်မြှောက်ပြီး တာဝန်ပေးအပ်ရမည်။ ကျန်ဗဟိုအလုပ်အမှုဆောင်များအား ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ အဖြစ် တာဝန်ပေးရမည်။

(ခ) တာဝန်နှင့်လုပ်ပိုင်ခွင့်

(၁) ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ပါတီတစ်ခုလုံး၏ နိုင်ငံရေးဦးဆောင်အဖွဲ့ဖြစ်သည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ပါတီ၏ နိုင်ငံလုံးဆိုင်ရာညီလာခံက ချမှတ်ထားသော နိုင်ငံရေးလမ်းစဉ်များ၊ ဆုံးဖြတ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များကို ဗဟိုကော်မတီကိုယ်စား အကောင်အထည်ဖော်ရန် တာဝန်ရှိသည်။ လုပ်ငန်းဖော်ဆောင်ရာတွင် ဦးဆောင်မှုပေးရန် တာဝန်ရှိသည်။

(၂) ညီလာခံတစ်ခုနှင့်တစ်ခုကြား ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် အဖွဲ့ဝင်အားလုံး၏ ကိုယ်စားလှယ်အဖြစ် ကိုယ်စားပြုဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းများကို ဦးဆောင်သွားရမည်။

(၃) ဗဟိုအလုပ်အမှုဆောင်ကော်မတီအတွင်း သဘောထားမတူ ကွဲပြားမှုရှိပါက ဗဟိုအလုပ် အမှုဆောင်ကော်မတီ၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် ဆုံးဖြတ်ချက်ချမှတ်ရမည်။

(၄) တိုင်းဒေသကြီးရုံးများနှင့် မြို့နယ်ရုံးများကို ဦးဆောင်မှုပေးရမည်။ ညွှန်ကြားမှုများပေးရမည်။ လိုအပ်သော အကူအညီကို ပေးအပ်ရမည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်ကော်မတီတွင် တတ်သိပညာရှင်၊ လူထုအခြေပြုတက်ကြွလှုပ်ရှားသူ၊ အမျိုးသမီးနှင့် လူငယ်တို့ မျှတစွာပါဝင်သော ဖွဲ့စည်းမှုအပါအဝင် ဗဟိုအလုပ်အမှုဆောင်ကော်မတီ အဖွဲ့ဝင် ရွေးကောက်တင်မြှောက်ခြင်း၊ အစည်းအဝေးခေါ်ယူကျင်းပခြင်းနှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းလမ်းညွှန်ကို ရေးဆွဲပြဋ္ဌာန်း ထားရမည်။ လုပ်ငန်းလမ်းညွှန်ကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက ရေးဆွဲ၍ ဗဟိုကော်မတီက အတည်ပြုရမည်။

၇။ ဗဟိုကော်မတီ

(က) ဖွဲ့စည်းခြင်း

(၁) နိုင်ငံလုံးဆိုင်ရာ ညီလာခံသို့ တက်ရောက် ခွင့်ရသူ ကိုယ်စားလှယ်များက ဗဟိုကော်မတီအဖွဲ့ဝင် (၁၀၈) ဦးအား အများစုဆန္ဒမဲဖြင့် ရွေးကောက်ပေးရမည်။

(ခ) တာဝန်နှင့်လုပ်ပိုင်ခွင့်

(၁) ဗဟိုကော်မတီအဖွဲ့အစည်းအဝေးကို တစ်နှစ်လျှင်အနည်းဆုံးတစ်ကြိမ် သင့်လျော်ရာမြို့နယ်တွင် ကျင်းပရမည်။ ကျင်းပမည့်နေ့နှင့်နေရာကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ဆုံးဖြတ်ပေး ရမည်။

(၂) ဗဟိုကော်မတီအစည်းအဝေးသည် အနီးဆုံးနိုင်ငံလုံးဆိုင်ရာညီလာခံက ချမှတ်ခဲ့သောလုပ်ငန်းစဉ်များ၊ ဆုံးဖြတ်ချက်များကို ဖော်ဆောင်ရန် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အား တာဝန်ပေးအပ် ရမည်။

(၃) ဗဟိုကော်မတီအစည်းအဝေးသည် နိုင်ငံလုံးဆိုင်ရာညီလာခံ မကျင်းပနိုင်မီစပ်ကြား ညီလာခံကိုယ်စား ဆောင်ရွက်ဘိသကဲ့သို့ တာဝန်ရှိသည်။

(၄) ဗဟိုကော်မတီအစည်းအဝေးသည် အရေးကြီးသောဆုံးဖြတ်ချက်များအား အစည်းအဝေး တက်ရောက်သည့် ဗဟိုကော်မတီဝင် ထက်ဝက်ကျော်ဆန္ဒမဲဖြင့် ဆုံးဖြတ်ချက်ချမှတ်ရမည်။

(ဂ) ဗဟိုကော်မတီအဖွဲ့ဝင် ရွေးကောက်တင်မြှောက်ခြင်း၊ အစည်းအဝေးခေါ်ယူကျင်းပခြင်းနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းလမ်းညွှန်ကို ရေးဆွဲပြဋ္ဌာန်းရမည်။ လုပ်ငန်းလမ်းညွှန်ကို ဗဟိုအလုပ်အမှုဆောင် ကော်မတီက ရေးဆွဲ၍ ဗဟိုကော်မတီက အတည်ပြုပေးရမည်။

၈။ တိုင်းဒေသကြီးအလုပ်အမှုဆောင်ကော်မတီ

(က) ဖွဲ့စည်းခြင်း

(၁) တိုင်းဒေသကြီးအလုပ်အမှုဆောင်ကော်မတီကို သက်ဆိုင်ရာတိုင်းဒေသကြီးရှိမြို့နယ်အသီးသီး မှ (၃၅) ဦး ထက်မပိုသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။ ကော်မတီတွင် တိုင်းဒေသကြီး ရှိမြို့နယ်အားလုံးမှ ကိုယ်စားလှယ်များပါဝင်ရမည်။ ကော်မတီဝင်များသည် မိမိတို့ အထဲမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများကို အချင်းချင်း ရွေးချယ်တာဝန်ပေးရမည်။

(ခ) တာဝန်နှင့်လုပ်ပိုင်ခွင့်

(၁) တိုင်းဒေသကြီးအလုပ်အမှုဆောင်ကော်မတီသည် မိမိတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များကို စီမံကွပ်ကဲခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်း၊ အကူအညီပေးခြင်းများအတွက် ဦးဆောင်မှု ပေးရမည်။

(၂) ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် မြို့နယ်အမှုဆောင်ကော်မတီများအကြား ဆက်သွယ်မှု အဆင်ပြေ ချောမွေ့စေရန်နှင့် နိုင်ငံရေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြို့နယ်များ အား ဦးဆောင်မှုပေးရန် တာဝန်ရှိသည်။

(၃) ဗဟိုအလုပ်အမှုဆောင်ကော်မတီသို့ ပုံမှန်အစီရင်ခံ တင်ပြရမည်။ သက်ဆိုင်ရာမြို့နယ်များမှ ပေးပို့လာသော အစီရင်ခံစာများကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ စုစည်း လျက် အစီရင်ခံရမည်။

(ဂ) တိုင်းဒေသကြီးအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များ ရွေးကောက်တင်မြှောက်ခြင်း၊ အစည်းအဝေး ခေါ်ယူကျင်းပခြင်းနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းလမ်းညွှန်ကို ရေးဆွဲပြဋ္ဌာန်းရမည်။ လုပ်ငန်း လမ်းညွှန်ကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက ရေးဆွဲ၍ ဗဟိုကော်မတီက အတည်ပြု ပေးရမည်။

၉။ ပြည်နယ်ရေးရာ အလုပ်အမှုဆောင်ကော်မတီ

(က) ဖွဲ့စည်းခြင်း

(၁) ပြည်နယ်ရေးရာအလုပ်အမှုဆောင်ကော်မတီကို ပြည်နယ်များရှိမြို့နယ်များမှ (၂၁) ဦး ထက်မပိုသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။ ကော်မတီကို ပြည်နယ်ကိုယ်စားပြုသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။ ကော်မတီဝင်များသည် မိမိတို့ အထဲမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများကို အချင်းချင်း ရွေးချယ် တာဝန်ပေးရမည်။

(ခ) တာဝန်နှင့်လုပ်ပိုင်ခွင့်

(၁) ပြည်နယ်များနှင့်သက်ဆိုင်သည့်ကိစ္စရပ်များကို ဦးဆောင်တာဝန်ယူရမည်။

(၂) ပြည်နယ်များမှ ပါတီဝင်များအား ဦးဆောင်မှုပေးရန်တာဝန်ရှိသည်။

(၃) ပြည်နယ်များရှိ မဟာမိတ်ပါတီများနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်ရန် တာဝန်ရှိသည်။

(၄) ပြည်နယ်ရှိမြို့နယ်များတွင် လိုအပ်ပါက မြို့နယ်အလုပ်အမှုဆောင်ကော်မတီကို ဖွဲ့စည်းပေး နိုင်သည်။

(ဂ) ပြည်နယ်ရေးရာအလုပ်အမှုဆောင်ကော်မတီဝင်များ ရွေးကောက်တင်မြှောက်ခြင်း၊ အစည်းအဝေး ခေါ်ယူ ကျင်းပခြင်းနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းလမ်းညွှန်ကို ရေးဆွဲပြဋ္ဌာန်းရမည်။ လုပ်ငန်း လမ်းညွှန်ကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက ရေးဆွဲ၍ ဗဟိုကော်မတီက အတည်ပြု ပေးရမည်။

၁၀။ မြို့နယ် အလုပ်အမှုဆောင်ကော်မတီ

(က) ဖွဲ့စည်းခြင်း

(၁) မြို့နယ်အလုပ်အမှုဆောင်ကော်မတီကို အဖွဲ့ဝင်ဦးရေ အနည်းဆုံး (၉) ဦးမှ အများဆုံး (၂၁) ဦး ဖြင့် ဖွဲ့စည်းရမည်။

(၂) မြို့နယ်အလုပ်အမှုဆောင်ကော်မတီဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများကို ရွေးချယ်တာဝန်ပေးရမည်။

(ခ) တာဝန်နှင့်လုပ်ပိုင်ခွင့်

(၁) ဗဟိုဌာနချုပ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအလုပ်အမှုဆောင်ကော်မတီတို့မှ ပေးပို့လာသော ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များကို အတတ်နိုင်ဆုံး လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(၂) အဓိကတာဝန်တစ်ရပ်အဖြစ် မိမိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အဖွဲ့ဝင်များကို စုစည်းခြင်း၊ ဖွဲ့စည်းခြင်း၊ ဗဟိုမှချမှတ်ထားသော နိုင်ငံရေး သဘောထားများနှင့်လမ်းစဉ်များကို အဖွဲ့ဝင်များအား ရှင်းလင်းပြခြင်း၊ အဖွဲ့ဝင်များ၏ တင်ပြချက်များကို ဌာနခွဲရုံးသို့ ဆောလျင်စွာ ဆက်လက်တင်ပြခြင်းများကို ဆောင်ရွက်ရမည်။

(၃) မိမိတို့ မြို့နယ်အတွင်း ဖြစ်ပေါ်လာသော ကိစ္စရပ်များကို ရှေးဦးစွာ ညှိနှိုင်းဆုံးဖြတ်ပေးပြီး ဌာနခွဲနှင့် ဌာနချုပ်များသို့ ဆောင်ရွက်ချက်များကို ဆက်လက်တင်ပြရမည်။

(၄) ရပ်ကွက်၊ ကျေးရွာအုပ်စု အလုပ်အမှုဆောင်အဖွဲ့များကို ဦးဆောင်ဖွဲ့စည်း၍ လိုအပ်သလို တာဝန် ပေးရမည်။ ရပ်ကွက်/ကျေးရွာ အဖွဲ့များထံမှ အစီရင်ခံချက်များကို ဌာနခွဲနှင့် ဌာနချုပ်ထံသို့ စဉ်ဆက်မပြတ်အစီရင်ခံရ မည်။

(ဂ) မြို့နယ်အမှုဆောင်ကော်မတီဝင်များ ရွေးကောက်တင်မြှောက်ခြင်း၊ အစည်းအဝေး ခေါ်ယူကျင်းပခြင်းနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းလမ်းညွှန်ကို ရေးဆွဲပြဋ္ဌာန်းရမည်။ လုပ်ငန်းလမ်းညွှန်ကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက ရေးဆွဲ၍ ဗဟိုကော်မတီက အတည်ပြု ပေးရမည်။

၁၁။ ရပ်ကွက်၊ ကျေးရွာအုပ်စု အလုပ်အမှုဆောင်ကော်မတီ

(က) ဖွဲ့စည်းခြင်း

(၁) ရပ်ကွက်၊ ကျေးရွာအုပ်စုအလုပ်အမှုဆောင်ကော်မတီကို အဖွဲ့ဝင်ဦးရေ အနည်းဆုံး (၉) ဦးမှ အများဆုံး (၂၁) ဦး ဖြင့် ဖွဲ့စည်းရမည်။

(၂) ရပ်ကွက်၊ ကျေးရွာအုပ်စုအလုပ်အမှုဆောင်ကော်မတီဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများကို ရွေးချယ်တာဝန်ပေးရမည်။

(ခ) တာဝန်နှင့်လုပ်ပိုင်ခွင့်

(၁) မြို့နယ်အလုပ်အမှုဆောင်ကော်မတီမှတဆင့် ပေးပို့လာသော ဗဟိုဌာနချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး အလုပ်အမှုဆောင်ကော်မတီ၏ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များကို အတတ်နိုင်ဆုံး လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(၂) မိမိရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူတို့၏အရေးကိစ္စများကို ကူညီဆောင်ရွက်ပေးရမည်။

(၃) ပါတီ၏စည်းရုံးရေးနှင့် လူထုဆက်ဆံရေးဆိုင်ရာကိစ္စများကို ပါတီ၏ရည်ရွယ်ချက်၊ ဦးတည်ချက်များနှင့် အညီ ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ဂ) ရပ်ကွက်၊ ကျေးရွာအုပ်စုအမှုဆောင်ကော်မတီဝင်များ ရွေးကောက်တင်မြှောက်ခြင်း၊ အစည်းအဝေး ခေါ်ယူကျင်းပခြင်းနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းလမ်းညွှန်ကို ရေးဆွဲပြဋ္ဌာန်းရမည်။ လုပ်ငန်းလမ်းညွှန်ကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက ရေးဆွဲ၍ ဗဟိုကော်မတီက အတည်ပြု ပေးရမည်။

## အခန်း(၄)
## အစည်းအဝေးကျင်းပခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း

၁၂။ အစည်းအဝေးကျင်းပခြင်း

(က) နိုင်ငံလုံးဆိုင်ရာညီလာခံ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ ဗဟိုကော်မတီ၊ တိုင်းဒေသကြီးအလုပ်အမှုဆောင်ကော်မတီ၊ ပြည်နယ်ရေးရာအလုပ်အမှုဆောင်ကော်မတီ၊ မြို့နယ်အလုပ် အမှုဆောင် ကော်မတီနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးများတွင် အစည်းအဝေးတက်ရောက်ခွင့်ရှိသူ စုစုပေါင်း၏ ထက်ဝက်ကျော် တက်ရောက်ပါက အစည်းအဝေး အထ မြောက်သည်။

(ခ) အစည်းအဝေးများသို့ တက်ရောက်လာသူများ၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် ဆုံးဖြတ်ချက် ချမှတ် အတည်ပြုနိုင်သည်။

(ဂ) ပါတီဥက္ကဋ္ဌသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို လိုအပ်သလို ခေါ်ယူ ကျင်းပနိုင်သည်။ ထူးခြားသည့် အခြေအနေကြောင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ခေါ်ယူကျင်းပရန် လိုအပ်သည်ဟု ယူဆပါက ဥက္ကဋ္ဌ (သို့) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ငါးဦးထက်မနည်း၏ သဘောတူညီချက်ဖြင့် ခေါ်ယူနိုင်သည်။

(ဃ) ညီလာခံကျင်းပရန် လိုအပ်သည်ဟု ဗဟိုဦးစီးအဖွဲ့က ဆုံးဖြတ်လျှင် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဥက္ကဋ္ဌ (သို့) အထွေထွေအတွင်းရေးမှူးက ညီလာခံဖြစ်မြောက်စေရန် တာဝန်ယူ ဖိတ်ခေါ် ကျင်းပရမည်။

## အခန်း(၅)
## အဖွဲ့ဝင်ဖြစ်ခြင်းနှင့် စည်းကမ်းချက်များ

၁၃။ အဖွဲ့ဝင်ဖြစ်ခြင်း၊ နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်း

(က) ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) အသက် (၁၈) နှစ် ပြည့်ပြီးသူတိုင်း ကျား/မ မရွေး မည်သူမဆို ပါဝင်ခွင့်ရှိသည်။ သို့သော် သာသနာ့ဝန်ထမ်း မဖြစ်စေရ။

(ဂ) ပါတီစည်းကမ်းကို ကျူးလွန်ဖောက်ဖျက်သူ မဖြစ်စေရ။ ရူးသွပ် စိတ်မနှံ့သူ မဖြစ်စေရ။

(ဃ) ပါတီ၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ၊ ဆုံးဖြတ်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို နားလည် သဘောပေါက်ပြီး လိုက်နာကျင့်သုံးသူ ဖြစ်ရမည်။

(င) နိုင်ငံရေးပါတီတည်ထောင်ခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေပါ ပါတီဝင်ဖြစ်ခွင့်ရှိသူ အရည်အချင်းများနှင့် ပြည့်စုံသူ ဖြစ်ရမည်။

(စ) အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုလျှင် မိမိဆန္ဒအရ နုတ်ထွက်ခွင့်ရှိသည်။ နိုင်ငံရေးပါတီ တည်ထောင်ခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေပါ ပါတီဝင်ဖြစ်ခွင့်ရှိသူ အရည်အချင်းများနှင် ကိုက်ညီမှုမရှိခြင်း၊ ကွယ်လွန် ခြင်း၊ ဆက်သွယ်ရန် လုံးဝခက်ခဲသည့် အခြေအနေနှင့် နေရာဒေသများသို့ ရောက်ရှိသွားခြင်းများ ရှိခဲ့လျှင် ပါတီဝင်အဖြစ်မှ အလိုအလျောက် နုတ်ထွက်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ဆ) အဖွဲ့ဝင်တစ်ဦးဦးသည် ပါတီ၏ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကြောင်း အထောက် အထားများ တွေ့ရှိပါက မြို့နယ်အလုပ်အမှုဆောင်ကော်မတီက အဖွဲ့ဖွဲ့ စုံစမ်းစစ်ဆေးပြီး အမှုဆောင် အဖွဲ့ဝင် သုံးပုံနှစ်ပုံကျော်၏ သဘောတူညီချက်ဖြင့် တာဝန်မှရပ်စဲရန်၊ အဖွဲ့ဝင် အဖြစ်မှ ဆိုင်းငံ့ရန်၊ ရပ်စဲရန်နှင့် ထုတ်ပယ်ရန် ဆုံးဖြတ်နိုင်သည်။ ထိုဆုံးဖြတ်ချက်အား ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌသို့ အတည်ပြုချက် ရယူရမည်။ ဖောက်ဖျက်သူသည် ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင် ဖြစ်ပါက ဗဟိုအလုပ် အမှုဆောင်အဖွဲ့၏ သုံးပုံနှစ်ပုံကျော် သဘောတူညီမှု ဖြင့် ဆုံးဖြတ်အတည်ပြုရမည်။

၁၄။ အဖွဲ့ဝင်တိုင်း လိုက်နာရမည့် စည်းကမ်းချက်များ

(က) အဖွဲ့ဝင်တိုင်းသည် ပါတီ၏ မူဝါဒ၊ စည်းမျဉ်းစည်းကမ်းနှင့် ဆုံးဖြတ်ချက်များကို လိုက်နာရမည်။

(ခ) ပါတီက ပေးအပ်သောတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရမည်။

(ဂ) ပါတီက သတ်မှတ်ထားသော ဝင်ကြေး၊ လစဉ်ကြေးများကို မပျက်မကွက် ပေးဆောင် ရမည်။
(ဃ) နိုင်ငံတော်က ချမှတ်ထားသော ဥပဒေများကို လေးစားလိုက်နာရမည်။ တရားဥပဒေစိုးမိုးရေးကို အတတ်နိုင်ဆုံး လိုက်နာဆောင်ရွက်ရမည်။
(င) ပါတီ၏ အမည် နှင့် ဂုဏ်သိက္ခာကို ထိခိုက်စေမည့် အပြုအမူ၊ အပြောအဆို၊ အရေးအသားများကို ရှောင်ကြဉ်ရမည်။
(စ) အဖွဲ့ဝင်အချင်းချင်း လူပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ များဖြင့် အုပ်စုဖွဲ့ခြင်းများကို ရှောင်ကြဉ်ရမည်။
(ဆ) ဆုံးဖြတ်ချက်များကို ဒီမိုကရေစီနည်းကျကျ အများသဘောတူ ဆုံးဖြတ်ရမည်။ ချမှတ်ပြီးသည့် ဆုံးဖြတ်ချက်များကိုလည်း လေးစားလိုက်နာရမည်။
(ဇ) ပါတီ၏ အမည်နာမကို အသုံးပြု၍ ကိုယ်ကျိုးစီးပွားရှာခြင်း လုံးဝမပြုလုပ်ရ။
(ဈ) ပါတီ၏အမှတ်တံဆိပ်ကိုသော်လည်းကောင်း၊ ပါတီ၏အလံကိုသော်လည်းကောင်း မိမိကိုယ်ကျိုးအတွက် သုံးစွဲခြင်း မရှိစေရ။
(ည) ပါတီက ပေးအပ်သော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစား မပြုလုပ်ရ။
(ဋ) ပါတီ၏ လျှို့ဝှက်အပ်သော အတွင်းရေးများကို ပါတီဝင်မဟုတ်သော အခြားသူတစ်ပါးအား ပြောကြား ခြင်း၊ ဖြန့်ဝေခြင်း မရှိစေရ။

**အခန်း(၆)**

**ဖွဲ့စည်းပုံစည်းမျဉ်းအားပြင်ဆင်ခြင်း**

၁၅။ ဖွဲ့စည်းပုံစည်းမျဉ်းပြင်ဆင်ခြင်း

နိုင်ငံလုံးဆိုင်ရာညီလာခံ မကျင်းပနိုင်သေးမီစပ်ကြား ဤဖွဲ့စည်းပုံစည်းမျဉ်းအား ပြင်ဆင်ရန် လိုအပ်ပါက ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးက ကော်မတီဝင်များ၏ သုံးပုံနှစ်ပုံဆန္ဒမဲဖြင့် ပြင်ဆင်နိုင်သည်။ ပြင်ဆင်ချက်ကို အနီးဆုံး ဗဟိုကော်မတီအစည်းအဝေးတွင် တင်ပြအတည်ပြုချက် ရယူရမည်။ ဗဟိုကော်မတီအစည်းအဝေးတွင် အစည်းအဝေးတက်ရောက်သူများ၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့် လိုအပ်သလို ပြင်ဆင်နိုင်သည်။ ယင်းပြင်ဆင်ချက်ကို အနီးဆုံးညီလာခံတွင် အတည်ပြုချက် ရယူရမည်။ ညီလာခံ ကျင်းပသောကာလဖြစ်ပါက ညီလာခံတက်ရောက်သူများ၏ ထက်ဝက်ကျော်ဆန္ဒမဲ ဖြင့် ပြင်ဆင်နိုင်သည်။

**အခန်း(၇)**

**ဘဏ္ဍာရေးဆိုင်ရာ**

၁၆။ ပါတီရန်ပုံငွေ

(က) ရန်ပုံငွေသုံးစွဲခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့က သတ်မှတ်ပေးရမည်။ သတ်မှတ်ချက်သည် အများ၏ ငွေကြေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် လိုက်လျောညီထွေ ရှိရမည်။
(ခ) အလှူခံခြင်း၊ ကောက်ခံခြင်း၊ အခြားသတ်မှတ်ချက်များ (အဖွဲ့ဝင်ကြေး စသည့်)မှ ရရှိငွေများကို စာရင်းကိုင်မှ စနစ်တကျ စာရင်းပြုစုထားရမည်။ အဖွဲ့ချုပ် စာရင်းစစ်မှူး၏ ပုံမှန်စစ်ဆေးခြင်းကို ခံယူရမည်။ လိုအပ်ပါက ပြင်ပစာရင်းစစ်အဖွဲ့များ၏ စစ်ဆေးခြင်းကိုပါ ခံနိုင်ရန် ပြင်ဆင်ထားရမည်။
(ဂ) ပါတီ၏ဘဏ္ဍာရေးဆိုင်ရာမူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းလမ်းညွှန်ကို ဗဟိုအလုပ်အမှုဆောင် ကော်မတီက ရေးဆွဲ၍ ဗဟိုကော်မတီက အတည်ပြုရမည်။

**အခန်း(၈)**

**အထွေထွေ**

၁၇။ အနှောင်အဖွဲ့ကင်းသော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပြည်ထောင်စုတည်ဆောက်ရေး၊ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းလက်တွဲကာ ဆောင်ရွက်သွားမည်။
၁၈။ ရည်ရွယ်ချက်ချင်းတူညီသော၊ မူဝါဒချင်းတူညီသော အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်သွားမည်။
၁၉။ ပါတီအား မူဝါဒအခြေပြုသောပါတီအဖြစ် တည်ဆောက်သွားမည်။
၂၀။ ပါတီအား စုပေါင်းခေါင်းဆောင်မှုဖြင့် ဦးဆောင်ကာ ပြည်ထောင်စုအတွင်းရှိ ပြည်နယ်အခြေစိုက်ပါတီများနှင့်လက်တွဲဆောင်ရွက်သွားမည်။

## ပါတီ၏မူဝါဒ၊ လုပ်ငန်းစဉ်နှင့် ကဏ္ဍအလိုက်လုပ်ငန်းစဉ်များ

### ၁။ ပါတီ၏မူဝါဒ

(က) လွတ်လပ်မျှတသော ဖက်ဒရယ်ပြည်ထောင်စုကို အတူတကွ တည်ဆောက်နိုင်ရေးအတွက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ချုပ်ဆိုခဲ့သော သမိုင်းဝင် ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်နှင့် ပင်လုံမူ တို့အပေါ်တွင် အခြေခံသည်။

(ခ) ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံသည့် ဖက်ဒရယ် ပြည်ထောင်စု ကိုတည်ဆောက်မည်။

(ဂ) ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးအချင်းချင်း အပြန်အလှန်အသိအမှတ်ပြုလေးစားမှု၊ ချစ်ကြည် ရင်းပင်းမှု၊ သွေးစည်းညီညွတ်မှုတို့ကို တည်ဆောက်ပြီး ငြိမ်းချမ်းစွာဖြင့် အေးအတူပူအမျှ အတူတကွ ယှဉ်တွဲနေထိုင်ရေးကို အခြေခံသည်။

(ဃ) ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်း များကို ဖော်ထုတ် ကာကွယ်ထိန်းသိမ်းမည်။

(င) ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို အတူတကွ တည်ဆောက်ပြီး အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ မဟာ လူမျိုးကြီးဝါဒ ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးရေးတို့အတွက် ဝိုင်းဝန်း ကြိုးပမ်း မည်။

(စ) ပြည်ထောင်စု၏ ပဋိပက္ခများနှင့်ပြဿနာများအပေါ် ဖြေရှင်းရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို အလေးပေး ဆောင်ရွက်ရန်ႇနှင့် စစ်ရေးနည်းလမ်းကို အသုံးမပြုဘဲ နိုင်ငံရေးနည်းလမ်းဖြင့်သာ ဖြေရှင်း သွားမည်။

(ဆ) ရည်မှန်းချက်၊ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျားမတန်းတူညီမျှရေး ဆိုင်ရာကိစ္စများကို အစဉ်တစိုက် လေးစားလိုက်နာခြင်းကို အခြေခံသည်။ အမျိုးသမီးများနှင့် လူငယ်များ ပိုမိုပါဝင်လာရေးကို အလေးထားဆောင်ရွက်မည်။

(ဇ) အထက်ပါအခြေခံမူများကို ပွင့်လင်းမြင်သာမှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု စံနှုန်းများဖြင့် အခြေပြု ဖော်ဆောင်သွားမည်။

### ၂။ ပါတီလုပ်ငန်းစဉ်

(က) ဒီမိုကရေစီအခွင့်အရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်သွားရန်။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး ညီရင်းအစ်ကိုသဖွယ် စည်းလုံးညီညွတ်မှုကို တည်ဆောက်သွားရန်။

(ဂ) တိုင်းရင်းသားအားလုံးတို့သည် ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်၊ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာစည်းရုံးဟောပြောခွင့်စသော လူမှုအခွင့်အရေးများနှင့် ကမ္ဘာ့ကုလ သမဂ္ဂပဋိညာဉ်စာတမ်းပါ လူ့အခွင့်အရေးစံနှုန်းများကို တန်းတူရည်တူ ရရှိခံစားနိုင်စေရေး ကြိုးပမ်း ဆောင်ရွက်သွားရန်။

(ဃ) ပြည်သူတစ်ရပ်လုံး ဥပဒေက ခွင့်ပြုထားသောခံစားခွင့်များ အားလုံးကို အပြည့်အဝ ရရှိခံစားနိုင်ရန်၊ ဥပဒေ ၏အကာအကွယ်ကို အပြည့်အဝ ရရှိခံစားနိုင်ရန်နှင့် တရားဥပဒေစိုးမိုးသော အခြေအနေများ ဖြစ်ပေါ် စေရေး ကြိုးစားဆောင်ရွက်သွားရန်။

(င) ရည်ရွယ်ချက်ချင်း၊ မူဝါဒချင်း တူညီသည့်ပါတီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက် သွားရန်။

(စ) ပြည်နယ်အခြေစိုက်ပါတီများ၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းကာ လက်တွဲဆောင်ရွက်သွားရန်။

## ၃။ ကဏ္ဍအလိုက်လုပ်ငန်းစဉ်များ

### (က) နိုင်ငံရေးကဏ္ဍလုပ်ငန်းစဉ်များ

(၁) ဖက်ဒရယ်စနစ်နှင့်ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ်ကို ကျင့်သုံးမည်။ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ထောင်ရေးနှင့် အခြေခံလူ့အခွင့်ရေးများအားလုံး အပြည့်အဝရရှိစေရန် ကြိုးပမ်းသွားမည်။

(၂) ငြိမ်းချမ်းသော နိုင်ငံရေးနည်းလမ်းဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ရန်နှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော စစ်မှန်သော ပြည်ထောင်စုကို ထူထောင်မည်။

(၃) ကျဉ်းမြောင်းသော လူမျိုးကြီးဝါဒ၊ လူမျိုးရေးဝါဒများ မပေါ်ပေါက်စေရန်နှင့် အာဏာရှင်စနစ်များ မပေါ် ပေါက်စေရန် ကြိုးပမ်းကာကွယ်သွားမည်။

(၄) ကဏ္ဍအသီးသီးတွင် အမျိုးသမီးနှင့် လူငယ် (၃၀) ရာခိုင်နှုန်းစီ ပါဝင်ရေး ဦးတည်ဆောင်ရွက် သွားမည်။

(၅) အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို မြှင့်တင်သွားမည်။

(၆) စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ပါတီအရေးနှင့် နိုင်ငံအရေးဆိုင်ရာကိစ္စရပ် များကို ဆောင်ရွက်သွားမည်။

(၇) လူပုဂ္ဂိုလ်ကို အခြေပြုသောပါတီအစား မူဝါဒကို အခြေပြုသည့်ပါတီအဖြစ်သော်လည်းကောင်း၊ ပြည်သူကို အလုပ်အကျွေးပြုသော၊ ပြည်သူ့အကျိုးကိုဦးတည်သော စည်းစနစ်ကျသည့်အဖွဲ့ အစည်းပုံစံဖြစ်ရေး ပါတီ ကိုတည်ဆောက်သွားမည်။

(၈) ပြည်ထောင်စုအတွင်းမှီတင်းနေထိုင်သော နိုင်ငံသားများနှင့် တိုင်းရင်းသားလူမျိုးများအရေးတွင် ဦးဆောင် သည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားမည်။

(၉) တိုင်းဒေသကြီးအစိုးရများ၊ပြည်နယ်အစိုးရများနှင့် ဒေသန္တရအစိုးရများ အားကောင်းမောင်းသန် ဖြစ်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်။

### (ခ) နိုင်ငံခြားရေးကဏ္ဍလုပ်ငန်းစဉ်များ

(၁) လွတ်လပ်သောနိုင်ငံခြားရေးမူဝါဒကို အခြေခံလျက် ကမ္ဘာ့မိသားစုဝင်နိုင်ငံများနှင့် ငြိမ်းချမ်းစွာ အတူ ယှဉ်တွဲနေထိုင်ပြီး တန်းတူရည်တူ ချစ်ခင်ရင်းနှီးစွာ ဆက်ဆံသွားမည်။

(၂) နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ကုလသမဂ္ဂ၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်နှင့် အခြားဒေသဆိုင်ရာအဖွဲ့အစည်းများတွင် ကမ္ဘာ့မိသားစုဝင်အဖြစ် ပါဝင် ဆောင်ရွက်မှုကို အားပေးမည်။

(၃) ကမ္ဘာ့အင်အားကြီးနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများကို သဟဇာတဖြစ်စွာ ဆက်ဆံ သွားသည်။

(၄) ခေတ်ကာလနှင့်လျော်ညီသော နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လက်တွဲလျက် မိမိ နိုင်ငံအတွက် အကျိုးရှိနိုင်မည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို အားပေး ဆောင်ရွက်သွားမည်။

### (ဂ) စီးပွားရေးနှင့်ဘဏ္ဍာရေးကဏ္ဍလုပ်ငန်းစဉ်များ

(၁) လွတ်လပ်တည်ငြိမ်ပြီး လူမှုရေးတရားမျှတမှုကို အခြေခံသော၊ တစ်နိုင်ငံလုံး တပြေးညီဖွံ့ဖြိုး တိုးတက်ရေး ကိုဦးတည်သော ဈေးကွက်စီးပွားရေးစနစ်ကို တည်ဆောက်သွားမည်။

(၂) ဖက်ဒရယ်ဒီမိုကရေစီစနစ်နှင့် လျော်ညီသည့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံခွင့်၊ ဖက်စပ်လုပ်ကိုင်ခွင့်၊ လွတ်လပ်စွာ ကုန်စည်ထုတ်လုပ်ခွင့်၊ သွင်းကုန်ထုတ်ကုန်များကို လွတ်လပ်စွာ သွင်းထုတ်ခွင့်၊ လွတ်လပ်စွာ ရောင်းဝယ်ခွင့်စသော ပုဂ္ဂလိကပိုင်၊ ဖက်စပ်ပိုင်၊ သမဝါယမပိုင် စီးပွားရေးစနစ်ကို အခြေခံပြီး စီးပွားရေး ဈေးကွက်များ တည်ရှိနိုင်အောင် ဆောင်ရွက်သွားမည်။

(၃) ပြည်သူအများ၏ အကျိုးစီးပွားကို ပစ်ပယ်ပြီး လူတစ်စု၏ အကျိုးစီးပွားကိုသာ ဦးစားပေးသည့် စနစ်နှင့် ဥပဒေများ မပေါ်ပေါက်စေရန် ကာကွယ်သွားမည်။

(၄) တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးသည် စီးပွားရေးအခွင့်အလမ်းများ တန်းတူညီမျှစွာ ရရှိခံစား လုပ်ကိုင်ခွင့် ရရေး ကြိုးပမ်းဆောင်ရွက်သွားမည်။

(၅) စီးပွားရေး၌ ဗဟိုချုပ်ကိုင်မှုကို လျှော့ချပြီး သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ လုပ်ပိုင်ခွင့်များ ဖြန့်ဝေပေးနိုင်အောင် ကြိုးပမ်းမည်။

(၆) ပြည်ထောင်စုစီးပွားရေး၏ အခြေခံလူတန်းစားဖြစ်သော တောင်သူလယ်သမားများအား လယ်ယာမြေ ပိုင်ဆိုင်ခွင့်ရရှိရန်၊ မိမိစိုက်ပျိုးသည့်သီးနှံများကို မိမိသဘောအလျောက် ရောင်းချရာတွင် အကျိုးခံစားခွင့် အပြည့်အဝရရှိစေမည့် နည်းလမ်းများကို ဖော်ဆောင်ပေးရန်၊ လယ်ယာမြေအတွက် သွင်းအားစုများ လုံလောက်စွာ ရရှိသုံးစွဲနိုင်စေရေး ဦးစားပေးဆောင်ရွက်ရန်၊ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကား သိုလှောင်ခွင့်ရရှိရန်၊ တောင်သူလယ်သမားထုအတွင်း အထူးသဖြင့် ဝေးလံခေါင်သီသောဒေသရှိ တောင်သူ လယ်သမားများကို ခေတ်မီနည်းပညာများ လက်လှမ်းမီရေး ဆောင်ရွက်မည့်အပြင်၊ အလုပ်သမားလူတန်း စားများအတွက် အပြည်ပြည် ဆိုင်ရာအလုပ်သမားများအဖွဲ့က သတ်မှတ်ထားသော ရပိုင်ခွင့်နှင့်တာဝန်များ ကိုရရှိခံစားနိုင်ရေး ဆောင်ရွက်သွားမည်။

(၇) စီးပွားရေးဆိုင်ရာမူဝါဒများချမှတ်ရာတွင်လည်းကောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ကောင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များ သာတူညီမျှ ဖွံ့ဖြိုးတိုးတက်လာရေးကို ဦးတည်ကြိုးပမ်းဆောင် ရွက်သွားမည်။

(၈) အခွန်ကောက်ခံခြင်း၊ ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ခွဲဝေမှုဆိုင်ရာကိစ္စရပ်များ၊ သဘာဝသယံဇာတ စီမံခန့်ခွဲခြင်းနှင့် ခွဲဝေခြင်းဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်သော ဘဏ္ဍာရေးဆိုင်ရာ ဖက်ဒရယ်စနစ်မူဝါဒ များကို ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်။

**(ဃ) ပညာရေးကဏ္ဍလုပ်ငန်းစဉ်များ**

(၁) ပညာရေးသည် နိုင်ငံတော်၏ အရေးအကြီးဆုံး ဦးစားပေးရင်းနှီးမြှုပ်နှံမှု ဟူသော ခံယူချက်ဖြင့် ခေတ်မီပြီး လက်တွေ့အသုံးချနိုင်သော ပညာရေးစနစ်ကို ဦးတည်ဖော်ဆောင်သွားမည်။

(၂) ပညာရေးဆိုင်ရာမူဝါဒများချမှတ်ရာတွင် အနာဂတ် ကာလအတွက် အာမခံချက် ပေးနိုင်သော ပညာရေး စနစ်များ ဖြစ်ထွန်းပေါ်ပေါက်စေရန် ရည်ရွယ်ချက်ဖြင့် ပညာရေးလောကအကြောင်း ကျွမ်းကျင်နှံ့စပ်သူများ ဖြင့် ဖွဲ့စည်းပါဝင်သော ပညာရှင်အဖွဲ့များနှင့် လက်တွဲပူးပေါင်းချမှတ် အကောင်အထည်ဖော် ဆောင်ရွက် သွားမည်။

(၃) နိုင်ငံသားတိုင်း စာတတ်မြောက်ရန် ရည်မှန်းလျက် မသင်မနေရ မူလတန်းပညာရေးစနစ်ကို ကျင့်သုံး နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်။

(၄) လူ့အခွင့်အရေးကို အခြေခံသည့် ဖက်ဒရယ်ဒီမိုကရေစီ ပညာရေးစနစ် ဖြစ်ရမည်။

(၅) ဖက်ဒရယ်ပညာရေးစနစ်၊ ဗဟုဘာသာစကားသင်ကြားသောစနစ်နှင့် မိခင်ဘာသာစကား အခြေပြု ပညာရေးစနစ်တို့ကို ဦးတည်သော ပညာသင်ကြားမှုစနစ်ဖြစ်လာရေး ကြိုးပမ်း ဆောင်ရွက်သွားမည်။

(၆) သက်ဆိုင်ရာ ဒေသအလိုက် တိုင်းရင်းသားဘာသာစာပေနှင့်စကားများကို သင်ကြားခွင့်ရရှိစေရေး ဆောင်ရွက်မည့်အပြင် လိုအပ်သောကူညီထောက်ပံ့မှုများ ရရှိနိုင်ရေး ဆောင်ရွက်မည်။ တိုင်းရင်းသားလူမျိုး များ၏ အမျိုးသားပညာရေးကျောင်းများကို တရားဝင် ရပ်တည်ခွင့် ရှိစေရမည်။

(၇) ဝေးလံခေါင်သီသော ပြည်နယ်နှင့် နယ်စပ်ဒေသများတွင် နေထိုင်သောသူများအား ပညာရေးနှင့် ပတ်သက် ၍ တန်းတူညီမျှစွာ လက်လှမ်းမီနိုင်ရေး ကြိုးစားကာ တစ်နိုင်ငံလုံး တစ်ပြေးညီ ပညာရေး ဖြစ်ပေါ်လာရေး ဆောင်ရွက်သွားမည်။

(၈) ပညာရေးဝန်ထမ်းများကို လုံလောက်သော လုပ်ခလစာများ ပေးနိုင်ရန်နှင့် နောင်ရေးအတွက် လုံလောက်သော ပင်စင်လစာထောက်ပံ့ငွေများ ရရှိရန် ဆောင်ရွက်မည်။

(၉) အခြေခံပညာရေးကို မူလတန်းမှ အထက်တန်းအောက်အဆင့်အထိ အခမဲ့မသင်မနေရ ပညာရေးစနစ် ထားရှိပြီး အထက်တန်းအထက်အဆင့် ပညာရေးစနစ်ကို အခမဲ့ပညာရေးစနစ် ဖြစ်ရေး ကြိုးပမ်းဆောင်ရွက် သွားမည်။

(၁၀) မသန်စွမ်းသူများ၊ ဆင်းရဲနွမ်းပါးသူများ၊ ပညာရေးလက်လှမ်းမမှီသူများ၊ သင်ယူမှုအခက်အခဲ ရှိသူများ အတွက် လူတိုင်းအကျုံးဝင် (Inclusive) ပညာရေးမူဝါဒများကို ချမှတ် ကျင့်သုံးနိုင်ရေး ကြိုးပမ်းသွားမည်။

(၁၁) တိုင်းရင်းသားဒေသများမှ လက်ရှိဆောင်ရွက်လျှက်ရှိသော ပညာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို အသိအမှတ်ပြုပြီး လိုအပ်သောအကူအညီများရရှိရေး ဆောင်ရွက် သွားမည်။

**(စ) ကျန်းမာရေးကဏ္ဍလုပ်ငန်းစဉ်များ**

(၁) အလုံးစုံသောကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) သည် ကျန်းမာရေးစနစ်၏ အဓိကမူအဖြစ်ခံယူပြီး နိုင်ငံသားတိုင်းကို အခြေခံလူ့အခွင့်အရေးများ အာမခံချက်ပေးသော ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ဖော်ဆောင်မည်။

(၂) နိုင်ငံသားတိုင်းအပေါ် တန်းတူညီမျှစွာ (Equality) ပေးစွမ်းနိုင်ခြင်း၊ ဖေးမကူညီမှု (Equity) နှင့် လူ့အခွင့် အရေးကို ရှေးရှုသော ကျန်းမာရေးစောင့်ရှောက်မှုကို ဖော်ဆောင်မည်။

(၃) အမျိုးသား ကျန်းမာရေးမူဝါဒ ရေးဆွဲရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်ရာတွင် ပြည်နယ်များ၏ ပူးပေါင်း ပါဝင်မှုရှိရမည်။

(၄) ကျန်းမာသန်စွမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် အမျိုးသားကျန်းမာရေး စီမံချက်များရေးဆွဲပြီး ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းဆိုင်ရာ လုပ်ငန်း များကို ဦးစားပေး ဆောင်ရွက်မည်။

(၅) ကျေးလက်ကျန်းမာရေးအတွက် ဆရာဝန်နှင့် သူနာပြုများ လုံလောက်စွာ ထားရှိနိုင်ရေးအပြင် ကုသမှု၊ ပညာပေးလုပ်ငန်းဆောင်ရွက်မှု၊ ဆက်သွယ်ရေးလမ်းကြောင်း ထူထောင်မှု၊ ကပ်ရောဂါ ကြိုတင်ကာကွယ်မှု၊ လိုအပ်နေသော ခေတ်မီဆေးဝါးများ အလုံအလောက် အရန်သင့် ရရှိစေနိုင်ရေး မူဝါဒချမှတ် ဆောင်ရွက် သွားမည်။

(၆) ကျွမ်းကျင်သော ဆရာဝန်၊ ကျန်းမာရေးမှူး၊ သူနာပြုများ လုံလောက်စွာ မွေးထုတ်ပေးနိုင်သော အသက် မွေးဝမ်းကျောင်းတက္ကသိုလ်များ ထူထောင်လျက် သင်ကြားတတ်မြောက်လာသော ကျန်းမာရေးဝန်ထမ်း များကို မျှတသော လုပ်ခလစာများဖြင့် ခန့်အပ်တာဝန်ပေးနိုင်အောင် ဆောင်ရွက်သွားမည်။

(၇) အမျိုးသားကျန်းမာရေးအတွက် နိုင်ငံလုံးအနှံ့ အားကစားနည်းမျိုးစုံကို လူငယ်များ စိတ်ဝင်စားလာရေးနှင့် နောက်ကျကျန်နေသော အားကစားကဏ္ဍကို ပြန်လည်မြှင့်တင်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်မည်။

(၈) တိုင်းရင်းသားဒေသများမှ လက်ရှိဆောင်ရွက်လျှက်ရှိသော ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို အသိအမှတ်ပြုပြီး လိုအပ်သောအကူအညီများရရှိရေး ဆောင်ရွက်သွားမည်။

**(ဆ) လူမှုရေးကဏ္ဍလုပ်ငန်းစဉ်များ**

(၁) ပြည်သူတို့၏လူမှုဘဝ သက်သာချောင်ချိရေး၊ လုံခြုံရေး၊ အာမခံချက်ရှိရေး လုပ်ငန်းများကို အစိုးရအဖွဲ့နှင့် သော်လည်းကောင်း၊ ပြည်တွင်းပြည်ပမှ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့်သော် လည်းကောင်း ပူးပေါင်း ဆောင်ရွက်သွားမည်။

(၂) စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်နှင့် ယဉ်ကျေးမှု ကဏ္ဍများ ပိုမိုဖွံ့ဖြိုးစေရန် သမဂ္ဂများ၊ အစည်း အရုံးများ ထူထောင်ခွင့်ပြုပြီး ဥပဒေနှင့်အညီလွတ်လပ်စွာ ဖန်တီးလုပ်ဆောင်နိုင်ရေး ဆောင်ရွက် မည်။

(၃) ဆင်းရဲမွဲတေမှု ပပျောက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်ရေး၊ လူကုန်ကူးမှု ပပျောက်ရေး၊ ကလေးသူငယ်များအား ဥပဒေနှင့်အညီစောင့်ရှောက်ရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ လူမှုအထောက်အကူပြုအဖွဲ့များဖြင့် ကူညီပေးရေးစသည့် လူမှုရေးကဏ္ဍများကို အားပေးမြှင့်တင်သွားမည်။

(၄) အမျိုးသမီးများ၏ လူနေမှုဘဝ မြင့်မားလာစေရန်နှင့် ၎င်းတို့၏ ဘဝလုံခြုံမှုကို ကာကွယ် စောင့်ရှောက်သွား နိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

(၅) အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြုအရပ်ဖက်အဖွဲ့အစည်းများ ခိုင်မာအားကောင်းလာရေး မူဝါဒချမှတ်ဆောင်ရွက်သွားမည်။